ဇွန် (၁၈)

## အမှန်တကယ် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသောသူများက အမှန်ပင်နှိမ့်ချပြီး အမှန်တကယ် နှိမ့်ချသောသူများသည် အမှန်ပင် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝကြသည်။

**ချစ်**ခြင်းမေတ္တာ၏ ကြီးမားသောအပိုင်းက နှိမ့်ချခြင်းဖြစ်ကြောင်းကို သင်ဝန်ခံရမည်ဖြစ်သည်။ ချစ်ခင်ကြင်နာမှုကို လက်ခံရယူရန်နှင့် ချစ်ခင်ကြင်နာမှုရှိရန်အတွက် စိတ်နှိမ့်ချခြင်းကို လိုအပ်သည်။ မိမိအနေနှင့် တစ်စုံတစ်ယောက်ကို ချစ်မြတ်နိုးပြီး စစ်မှန်သောမေတ္တာကို လက်ခံရန် သင့်မာနကိုစွန့်လွှတ်ရန် ထိုမေတ္တာကိုလက်ခံရယူရန် မိမိကိုယ်ကို အတိုင်းအတာတစ်ခုထိ နှိမ့်ချရသည်။

သခင်ဘုရားနှင့် မိမိတို့၏ ဆက်ဆံရေးတွင်ပင်လျှင် ဤအခြင်းအရာက မှန်ကန်သည်။ ဘုရားသခင်သည် မိမိတို့ကိုချစ်သောကြောင့် မိမိတို့နေရာတွင် အသေခံရန်အတွက် သူ၏တစ်ပါးတည်းသောဖြစ်သည့် ယေရှုအား စေလွှတ်ခဲ့ကြောင်း မိမိတို့ဦးဆုံး ကြားရသော၏အခါ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လက်ခံရယူရန် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို နှိမ့်ချရမည်။ ကယ်တင်ခြင်းကို လက်ခံရယူသော အခြင်းအရာက နှိမ့်ချရသော အတွေ့အကြုံတစ်ခုပင်ဖြစ်သည်။ မိမိတို့ကိုယ်ကို နှိမ့်ချသောသူတို့သည် ခွင့်လွှတ်ခြင်းကို ရရှိကြသည်သာမက ၎င်းတို့ ဘယ်သောအခါကမျှ စိတ်မကူးမိခဲ့ကြသည့် ချစ်ခြင်းမေတ္တာ၏ ပြည့်ဆည်းခြင်းကိုလည်း ခံစားရရှိကြသည်။ သို့သော်လည်း မာန်မာနတက်ကြွနေသူများအဖို့ထိုအရာနှစ်ခုစလုံးကိုလက်လွှတ်ကြရသည်။အဘယ်ကြောင့်ဆိုသော် "ထောင်လွှားစော်ကားသော သူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏" (ယာကုပ် ၄း၆)

ချစ်ခြင်းမေတ္တာနှင့် နှိမ့်ချခြင်းကို မခွာထားနိုင်ပါ။ သင့်အနေနှင့် မနှိမ့်ချဘဲ မေတ္တာစစ်ကို မရနိုင်။ ချစ်ခြင်းမေတ္တာပြည့်ဝခြင်း မရှိဘဲလျက် စစ်မှန်သောနှိမ့်ချမှုကို မပြုနိုင်။ ရှုံးနိမ့်မှုများ သို့မဟုတ် ငြင်းဆန်မှုတို့နှင့်ပတ်သက်၍ ဂုဏ်မာနတက်ကြွခြင်း၏ ကြောက်ရွံ့မှုက မိမိတို့အား အခြားသူတို့ထံလက်လှမ်းပြီး မိမိတို့ချစ်သင့်သမျှသော သူတို့အား ချစ်ခြင်းမပြုနိုင်စေရန် တားဆီးထားသည်။ နှိမ့်ချခြင်းနှင့်က ဤသို့မဟုတ်ပါ။ နှိမ့်ချခြင်း၌ ချစ်ခြင်းမေတ္တာရှိပြီး ကြောက်ရွံ့မှုကင်းသော ယုံကြည်ခြင်းရှိသည်။ (၁ယော ၄း၁၈) အခြားသူတို့ မည်သို့ထင်မြင်ကြမည်ကို ချစ်ခြင်းမေတ္တာက အရေးမထား။ သူတို့ပင်ထင်မြင်ကြစေကာမူ ၎င်းကချစ်သည်သာ။ ထို့ကြောင့် နှိမ့်ချခြင်းရှိပြီးချစ်ပါ။